Montclair ကျောင်းခေါ်ကြိမ် မူဝါဒ
ဒင်းဗားအစိုးရကျောင်းများ
2025–26 ပညာသင်နှစ်

Montclair တွင် ကျွန်ုပ်တို့၏ ကျောင်းသားများ အောင်မြင်ရုံသာမက တိုးတက်ဖွံ့ဖြိုးလာစေရန် ခေါင်းဆောင်များ၊ ပညာရှင်များ၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များဖြစ်သည့် ကျွန်ုပ်တို့၏ စုပေါင်းတာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ကျောင်းသားများ၏ အောင်မြင်မှုကို သေချာစေရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုမှာ ကျွန်ုပ်တို့၏ ကျောင်းသားများကို နေ့စဉ်ကျောင်းသို့လာရောက်ခြင်းမှ တားဆီးသော အတားအဆီးများကို ဖော်ထုတ်ခြင်းနှင့် ဖယ်ရှားခြင်းဖြစ်သည်။ **ကျောင်းခေါ်ကြိမ်ပြည့်ဝခြင်းသည် ကျောင်းသားတစ်ဦးချင်းစီအား လူမှုရေးဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် ပညာရေးပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီပေးပါသည်။** ကျောင်းသားတစ်ဦး၏ ကျောင်းခေါ်ကြိမ်ပြည့်ဝခြင်းသည် ထိုကျောင်းသားကို အထောက်အကူပြုရုံသာမက ၎င်းတို့၏ အတန်းဖော်များ၊ ဆရာများနှင့် ပိုမိုကျယ်ပြန့်သော ကျောင်းအသိုင်းအဝိုင်းကို တသမတ်တည်းဖြစ်စေရန်နှင့် တည်ငြိမ်မှုရှိစေရန် ကူညီပေးပါသည်။

ကျောင်းခေါ်ကြိမ်သည် ငယ်ရွယ်သောအရွယ်တွင် အရေးကြီးပါသည်။ ပထမနှစ် ကျောင်းသားများ ကျောင်းတက်ချိန်အတွင်း ပုံစံများကို ပျိုးထောင်ပေးပြီး မူလတန်းကျောင်းကာလတစ်လျှောက်လုံး တသမတ်တည်းဖြစ်စေပါသည်။ ကျောင်းသားများ အလယ်တန်းနှင့် အထက်တန်းကျောင်းသို့ တက်ရောက်သည့်အခါ ကျောင်းခေါ်ကြိမ် ကွာဟချက်များ စတင်ကျယ်ပြန့်လာသည်။

မည်သည့်အကြောင်းကြောင့် ကျောင်းပျက်သည်ဖြစ်စေ သင်ကြားရေးပျက်ကွက်မှုအားလုံးသည် ကျောင်းသား၏ အောင်မြင်မှုကို ထိခိုက်စေပါသည်။ ဤအကြောင်းကြောင့် DPS သည် **ရက်ရှည်ကျောင်းပျက်ခြင်း– ခွင့်ဖြင့်နှင့် ခွင့်မဲ့ပျက်ကွက်မှုများနှင့် ဆိုင်းငံ့မှုများအပါအဝင် အကြောင်းပြချက်တစ်ခုခုကြောင့် ပညာသင်နှစ်တစ်နှစ်တွင် စာရင်းသွင်းထားသောအချိန်၏ အနည်းဆုံး 10 ရာခိုင်နှုန်း ပျက်ကွက်ခြင်းကို လျှော့ချရန် အာရုံစိုက်ပါသည်။** ဤအာရုံစိုက်မှုသည် ကျောင်းခေါ်ကြိမ် ပျက်ကွက်မှုကြောင့် ပညာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ သင်ယူမှု သက်ရောက်မှုအပေါ် အလေးပေးပါသည်။

ရက်ရှည်ကျောင်းပျက်ခြင်းနှင့် ကျောင်းခေါ်ကြိမ်နှုန်းကို တွက်ချက်ရာတွင် ကျောင်းတက်ရက်၏ မိနစ်တိုင်းကို ထည့်တွက်ပါသည်။ ယင်းမှာ ကျောင်းသားတစ်ဦး ကျောင်းသို့ နောက်ကျရောက်သည့်အခါ သို့မဟုတ် ကျောင်းမှစော၍ လာကြိုသည့်အခါ လွတ်သွားသည့် အတန်း၏ မိနစ်များသည်

ကျောင်းသား၏ ရက်ရှည်ပျက်ကွက်မှုအခြေအနေနှင့် ကျောင်းခေါ်ကြိမ်နှုန်းအပေါ် သက်ရောက်မှုကို ဆိုလိုပါသည်။ ကျွန်ုပ်တို့သည် ကျောင်းသားတိုင်းကို နေ့စဉ်၊ နေ့တိုင်း ကျောင်းတက်ရောက်စေချင်ပါသည်။

ကျောင်းသားများအနေဖြင့် ပညာရေးစွမ်းဆောင်ရည် တိုးတက်စေရန်နှင့် ကောလိပ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် အဆင်သင့်ဖြစ်စေရန်အတွက် နေ့တိုင်းအချိန်မီတက်ရောက်ရန်နှင့် အတန်းအားလုံးအတွက် နေ့စဉ်ရှိနေရန် အရေးကြီးပါသည်။

- ကိုလိုရာဒိုပြည်နယ်မှ အသက် 4 နှစ်မှ 18 နှစ်အတွင်းရှိ ကလေးများကို ကျောင်းတက်ရန် တိုက်တွန်းထားပါသည်။
- ကိုလိုရာဒိုပြည်နယ်ရှိ အသက် 6 နှစ်မှ 16နှစ်အတွင်းရှိ ကလေးများသည် ကျောင်းတက်ရန် လိုအပ်ပါသည်။
- DPS ကျောင်းသားများသည် တနင်္လာနေ့မှသောကြာနေ့အထိ ကျောင်းတက်ကြသည်။
- DPS ပညာသင်နှစ်များသည် ဩဂုတ်လတွင် စတင်ပြီး မေလ သို့မဟုတ် ဇွန်လတွင် ပြီးဆုံးသည်။
- သင့်ကလေး ကျောင်းပျက်လျှင် ကျောင်း၏ ဆက်ဆံရေးရုံးကို အကြောင်းကြားရမည်။
- Montclair ပညာသင်နှစ်ပြက္ခဒိန်ကို ကျွန်ုပ်တို့၏ ဝဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။

ဒင်းဗားအစိုးရကျောင်းများရှိ ကျောင်းများတွင် ကျောင်းခေါ်ကြိမ် ရည်မှန်းချက်ရှိသည်။ 2025–26 ပညာသင်နှစ်အတွက် Montclair ကျောင်းခေါ်ကြိမ် ရည်မှန်းချက်မှာ 95% ဖြစ်သည်။

**မိဘ/အုပ်ထိန်းသူ၏ ကျောင်းခေါ်ကြိမ်နှင့်စပ်လျဉ်းသည့် အခန်းကဏ္ဍ**

မိဘများအနေဖြင့် မိမိကလေး၏ အောင်မြင်မှုနှင့် အတန်းတက်ရောက်နိုင်မှုတို့အတွက် အထောက်အကူဖြစ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အလေ့အကျင့်များ ရှိပါသည်။

- သင့်ကလေးသည် ကျောင်းရောက်နောက်ကျလျှင်၊ စောစောပြန်လျှင် သို့မဟုတ် ကျောင်းပျက်လျှင် ကျောင်းနှင့်ဆက်သွယ်ပါ။
- ကျောင်းအပြီး သို့မဟုတ် အတန်းမရှိသည့်နေ့များတွင် ချိန်းဆိုမှုများကို အချိန်ဇယားဆွဲပါ။
- အားလပ်ရက်များနှင့် ခရီးစဉ်များကို ကျောင်းမရှိသည့်နေ့များတွင် အချိန်ဇယားဆွဲပါ။
- တစ်စုံတစ်ရာဖြစ်ပေါ်လာပါက သင့်ကလေးအား ကျောင်းသို့ခေါ်ဆောင်ရန် အရန်အစီအစဉ်ကို ရေးဆွဲပါ။
- သင့်ကလေးတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်များရှိကြောင်း သေချာပါစေ။
    - အချိန်မှန် အိပ်ရာဝင်ခြင်း၊ အိပ်ရေးဝဝ အိပ်စက်ခြင်း၊ အချိန်မှန်အိပ်ရာထခြင်း။
    - ညဘက်တွင် အဝတ်အစားများနှင့် ကျောပိုးအိတ်ကို ပြင်ဆင်ထားပါ။
    - သင့်ကလေးကို ကျန်းမာပြီး လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံထားကြောင်း သေချာပါစေ။
- အကယ်၍ သင့်ကလေးသည် ကျောင်းနှင့်ပတ်သက် ၍ စိုးရိမ်နေပုံပေါ်ပါက ဆရာများ သို့မဟုတ် ကျောင်းအတိုင်ပင်ခံနှင့် ဆွေးနွေးပါ။
- မိဘပေါ်တယ် တွင် သင့်ကျောင်းသား၏ ကျောင်းခေါ်ကြိမ်ကို စောင့်ကြည့်ပါ။

Attendance Works အဖွဲ့အစည်းမှ ကျောင်းခေါ်ကြိမ်ပြည့်ဝခြင်းဆီသို့ဦးတည်သည့် လုပ်ရိုးလုပ်စဉ်များ သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေရန် လုပ်ဆောင်ရမည့် အဆင့်များနှင့်စပ်လျဉ်းသည့် ထပ်ဆောင်းအချက်အလက်များကို သင်ရှာဖွေနိုင်ပါသည်။

- [မူကြိုနှင့်သူငယ်တန်းမိသားစုများအတွက် အကြံပြုလျက်များ]()
- [မူလတန်းကျောင်းမိသားစုများအတွက် အကြံပြုချက်များ]()
- [အလယ်တန်းနှင့် အထက်တန်းကျောင်း မိသားစုများအတွက် အကြံပြုချက်များ]()

**ပျက်ကွက်မှုများကို အစီရင်ခံခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း**

- သင်၏ ကျောင်းသားသည် ပျက်ကွက်မည် သို့မဟုတ် နောက်ကျမည်ကို ကျွန်ုပ်တို့အား အသိပေးခြင်းဖြင့် အချိန်ကို ချွေတာပါ။ DPS မိသားစုများသည် မိမိတို့ကလေးများကို စောင့်ရှောက်ခြင်းအပေါ် အာရုံစိုက်နိုင်ရန် ၎င်းတို့၏ ကွန်ပျူတာများ သို့မဟုတ် စမတ်ဖုန်းများကို ပျက်ကွက်ခြင်း သို့မဟုတ် နောက်ကျခြင်းများအကြောင်း သိရှိရန် အသုံးပြုနိုင်သည်။
- ဤအင်္ဂါရပ်အသစ်ကိုအသုံးပြုရန် DPS ကျောင်းသားများ၏ အုပ်ထိန်းသူများတွင် DPS မိဘပေါ်တယ်အကောင့်ရှိရမည်။ အကောင့်ဖွင့်ရန် သို့မဟုတ် သင့်အကောင့်သည် အသက်ဝင်ပြီး အသင့်ဖြစ်ပြီလား စစ်ဆေးရန် [myportal.dpsk12.org]() သို့ ဝင်ရောက်ပါ။ ဤအင်္ဂါရပ်အသစ်ကို မည်သို့အသုံးပြုရမည်နှင့်ပတ်သက်၍ [အွန်လိုင်းတွင် ကျောင်းခေါ်ကြိမ်]() တင်ပြခြင်းအကြောင်းကို လေ့လာပါ။

**ခွင့်ဖြင့်ပျက်ကွက်ခြင်း**

Denver အစိုးရကျောင်းများ၏ ဘုတ်အဖွဲ့မူဝါဒအရ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းအုပ်ကြီးနှစ်ဦးစလုံး က ခွင့်ပြုပါက ခွင့်ဖြင့်ပျက်ကွက်နိုင်ပါသည်။ မိဘ/အုပ်ထိန်းသူသည် ပျက်ကွက်မှုကို သိရှိကြောင်း ပျက်ကွက်မှုကို ခွင့်ပေးကြောင်း ကျောင်းမှသိရှိစေရန်အတွက် မိဘများ/အုပ်ထိန်းသူများသည် ကျောင်းသား ပျက်ကွက်မည်၊ ကျောင်းသို့ နောက်ကျမှရောက်မည် သို့မဟုတ် ကျောင်းမှစောစော ကြိုမည်ဆိုသည့်အခါတိုင်း ကျောင်းကို ဆက်သွယ်ရမည်။

ပြည်နယ်ဥပဒေအရ အောက်ပါပျက်ကွက်မှုများကို ခွင့်ပြုသည် –

- ယာယီဖျားနာခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း (သက်ဆိုင်ရာချိန်းဆိုမှုများအပါအဝင်)
- ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ခံစားမှုပိုင်းဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် အခြေအနေ (ဆက်စပ်ချိန်းဆိုမှုများအပါအဝင်)
- ဘာသာရေးဆိုင်ရာ ဥပုသ်စောင့်ခြင်းများ
- မိသားစုအတွင်း သေဆုံးမှု
- ကျောင်း ဝန်ဆောင်မှုများ ပျက်ကွက်ခြင်း (ကျောင်းခေါင်းဆောင်မှ ခွင့်ပြုထားပြီး ကြိုတင်အတည်ပြုထားသော ကျောင်းလှုပ်ရှားမှုများတွင် ပါဝင်ခြင်းကြောင့် ဖြစ်ပေါ်သောပျက်ကွက်မှုများ)
- ဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းကြောင့် ပျက်ကွက်မှုများ

ထို့အပြင် Montclair သည် အောက်ပါအကြောင်းပြချက်များအတွက် ပျက်ကွက်ခွင့်ပြုပါသည် –

- ဆေးဘက်ဆိုင်ရာ သို့မဟုတ် သွားဘက်ဆိုင်ရာ ချိန်းဆိုမှုများ (လက်ရှိဖြစ်နေသော ဖျားနာမှု သို့မဟုတ် အခြေအနေနှင့် မသက်ဆိုင်သော ကျန်းမာရေးစစ်ဆေးမှုများ အပါအဝင်)

- ကျောင်းသား/သူအား ကျိုးကြောင်းဆီလျော်သော အတိုင်းအတာတစ်ခုအထိ ထိခိုက်စေသော ဝမ်းနည်းကြေကွဲမှု (အရင်းနှီးဆုံးမိသားစု မဟုတ်လျှင်ပင်)
- တရားရုံးတက်ရောက်ခြင်းနှင့် တရားရုံးမှ အမိန့်ချမှတ်ထားသော ပျက်ကွက်မှုများ
- မိသားစု၏ ထိန်းချုပ်မှုထက် ကျော်လွန်သော **ယာယီ**သယ်ယူပို့ဆောင်ရေးပြဿနာများ (ဥပမာ၊ ယနေ့နံနက်တွင် ကားပျက်ခြင်း၊ ယနေ့ ဘတ်စ်ကား ပြေးဆွဲခြင်းမရှိခြင်း၊ အထူးသဖြင့် နှင်းကျခြင်းကြောင့် ထိခိုက်သော မြို့၏ အစိတ်အပိုင်းတစ်ခုတွင် မိသားစုနေထိုင်ပြီး ကျောင်း ပိတ်ခြင်းမရှိသော်လည်း မသွားလာနိုင်ခြင်း)။
    - အကယ်၍ သယ်ယူပို့ဆောင်ရေးသည် ကျောင်းခေါ်ကြိမ် အတွက် ဆက်လက်ဖြစ်ပေါ်နေသော အတားအဆီးတစ်ခုဖြစ်ပါက ကျွန်ုပ်တို့ ၏ ကျောင်းခေါ်ကြိမ်အဖွဲ့သည် ယာယီမဟုတ်သော၊ ဆက်လက်ပျက်ကွက်နေခြင်းအတွက် မိသားစုအား ထိုအတားအဆီးကို ဖြေရှင်းရာတွင် ကူညီရန် တွေ့ဆုံပါမည်။
- ကောလိပ်လေ့လာရေးခရီးအတွက် ပညာသင်နှစ်တစ်နှစ်လျှင် ကျောင်းပျက်ရက် ငါး (5)ရက်။ ကောလိပ်လေ့လာရေးခရီးစဉ်များကို ခွင့်ပြုရန်အတွက် ကောလိပ်လေ့လာရေးခရီးစဉ်တွင် ပါဝင်သည့် အထောက်အထားကို ပျက်ကွက်ပြီး နှစ်ရက် (2) ရက်အတွင်း ကျောင်းသို့ တင်ပြသင့်ပါသည်။
- မိသားစုစီးပွားရေးလုပ်ငန်း သို့မဟုတ် အားလပ်ရက်အတွက် ပညာသင်နှစ်တစ်နှစ်လျှင် (ဥပမာ အားလပ်ရက်၊ မိသားစုမင်္ဂလာဆောင်တက်ရောက်ခြင်း၊ ဘာသာရေးအားလပ်ရက် ခရီးသွားခြင်း၊ မြို့ပြင်ထွက်၍ တစ်ရက်တာ မိသားစုလည်ပတ်ခြင်း စသည်ဖြင့်) ပျက်ကွက်မှု ငါး(5) ရက်အထိ။

မည်သည့် ခွင့်ဖြင့်ပျက်ကွက်ခြင်းအတွက် စာရွက်စာတမ်းများ မလိုအပ်ပါ။ သို့သော် ကျောင်းသားတစ်ဦးသည် ဖျားနာခြင်း၊ ဒဏ်ရာရခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ခံစားချက်ပိုင်းဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် အခြေအနေအတွက် ကျောင်းတစ်နှစ်အတွင်း ကျောင်းတက်ရက် 10 ရက် သို့မဟုတ် ထိုထက်ပို၍ ပျက်ကွက်ပြီးနောက် Montclair သည် ဆက်လက်ဖြစ်ပွားနေသော ပျက်ကွက်မှုများကို ခွင့်မပြုမီ ဆေးဘက်ဆိုင်ရာ စာရွက်စာတမ်းများကို တောင်းဆိုပါမည်။ ကျွန်ုပ်တို့သည် ကျောင်းသားအား ကျန်းမာရေးအစီအစဉ်တစ်ခု လိုအပ်ခြင်းရှိမရှိနှင့်/သို့မဟုတ် ပုဒ်မ 504 အစီအစဉ် သို့မဟုတ် IEP အရည်အချင်းပြည့်မီမှုဆုံးဖြတ်ချက် လိုအပ်ခြင်းရှိမရှိကိုလည်း စဉ်းစားနိုင်သည်။ အကယ်၍ ကျောင်းသားတွင် ကျန်းမာရေးအစီအစဉ်၊ ပုဒ်မ 504 အစီအစဉ် သို့မဟုတ် IEP ရှိပြီးသားဖြစ်ပါက၊ အစီအစဉ်ကို ချိန်ညှိရန် လိုအပ်ခြင်းရှိမရှိ သိရှိရန် အဖွဲ့ကို ပြန်လည်ခေါ်ယူရန် လိုအပ်နိုင်ပါသည်။

<u>မည်မျှဖျားနာခြင်းက အလွန်ဖျားနာခြင်းဖြစ်ပါသနည်း။</u>

| သင့်ကလေးကို အိမ်တွင် ထားပါ သို့မဟုတ် အောက်ပါတို့ဖြစ်လျှင် စောင့်ရှောက်မှု ရယူပါ – | သင့်ကလေးကို အောက်ပါတို့ရှိလျှင်ပင် ကျောင်းသို့ပို့ပါ– * |
|---|---|
| အဖျား 100.4°F (38°C) နှင့်အထက်ရှိခြင်း | နှာချေခြင်းနှင့်/သို့မဟုတ် ချောင်းဆိုးခြင်းတို့ပါဝင်နိုင်သည့် အအေးမိခြင်း |
| လွန်ခဲ့သည့် 24 နာရီအတွင်း နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထက် | ဖျားနာခြင်းမရှိဘဲ မျက်ဝတ်များထွက်ခြင်း၊ |

| | |
|---|---|
| အော့အန်ခြင်း | မျက်လုံးနာကျင်မှု သို့မဟုတ် မျက်ခွံ နီရဲခြင်း |
| အဆက်မပြတ်ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်း သို့မဟုတ် ချောင်းဆိုးပြီး အဖျားတက်လာခြင်း | ဝမ်းဗိုက်အနည်းငယ်အောင့်ခြင်း |
| နာကျင်ပြီး အရည်များစီးကျနေသော အရည်ကြည်ဖုများနှင့် အရေပြားတွင် အနီကွက်ထခြင်း၊ အညိုအမည်းများနှင့်တူခြင်းနှင့်/သို့မဟုတ် အဖျားတက်လာခြင်း | အခြားရောဂါလက္ခဏာများမရှိဘဲ အရေပြားတွင် အနီစက်အနည်းငယ်ထခြင်း |
| မျက်စိရောင်ခြင်း၊ မျက်စိနာခြင်း၊ မြင်ရခက်ခြင်း သို့မဟုတ် မျက်လုံးဒဏ်ရာရခြင်း | ခေါင်းတွင် သန်းရှိခြင်း ၎င်းတို့သည် စိတ်အနှောင့်အယှက်ဖြစ်စေသည့်အပြင် ကူးစက်နိုင်သည် ... ကုသမှုခံယူသင့်သော်လည်း သန်းရှိခြင်းသည် ကလေးအား ကျောင်းမှ ဖယ်ထုတ်ရန် အကြောင်းပြချက်မဟုတ်ပါ။ |
| သားရည်ကျစေသော လည်ချောင်းနာခြင်း၊ မျိုချရခက်ခြင်း သို့မဟုတ် အဖျားတက်ခြင်းနှင့်/ သို့မဟုတ် အရေပြားတွင် အနီကွက်ထခြင်း | ညပိုင်းတွင် အဖျားမတက်ဘဲ ထိုအချိန်အတွင်း အဖျားကျစေ မသောက်ခြင်း |

*အကယ်၍ သင့်ကလေးအား ကျောင်းသို့ ပို့ရ/မပို့ရကို မသိပါက သို့မဟုတ် သင့်ကလေး၏ ကျန်းမာရေးနှင့် ပတ်သက်၍ အထူးစိုးရိမ်ပူပန်မှုများရှိပါက သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ ကျောင်းသူနာပြု၏ ဒေသတွင်း အရေးပေါ်စောင့်ရှောက်မှုကို ဆက်သွယ်ပါ။*

**<u>ခွင့်မဲ့ပျက်ကွက်ခြင်းများ</u>**

ခွင့်မဲ့ပျက်ကွက်ခြင်းသည် <u>နှစ်ဦးစလုံး</u> မိဘ/အုပ်ထိန်းသူ<u>နှင့်</u> ကျောင်းအုပ်ကြီး (သို့မဟုတ် ကျောင်းအုပ်ကြီးက သတ်မှတ်ပေးသူတစ်ဦးဦး) ၏ ခွင့်ပြုချက်မရှိဘဲ ပျက်ကွက်မှုတစ်ခုဖြစ်သည်။ ၊ မိဘ/အုပ်ထိန်းသူထံမှ ခွင့်တောင်းခြင်းမရှိဘဲ ကျောင်းသားတစ်ဦး ကျောင်းပျက်သည့်အခါ၊ နောက်ကျမှ ရောက်လာသည့်အခါ သို့မဟုတ် ကျောင်းစောပြန်သွားသည့်အခါ ပျက်သွားသောအချိန်ကို ခွင့်မဲ့ဟုယူဆပါမည်။

**<u>ကျောင်းနောက်ကျခြင်းများ</u>**

ကျောင်းတက်ချိန်ပြီးနောက်နှင့် ပထမဆုံးစာသင်ချိန်50 ရာခိုင်နှုန်းနောက်ပိုင်းအတွင်း ရောက်ရှိလာသော ကျောင်းသားကို နောက်ကျသည်ဟု သတ်မှတ်ပါမည်။ စီစဉ်ထားသော ကျောင်းနေ့တစ်ရက်အတွင်း မည်သည့် ကျောင်းခေါ်ကြိမ် ကာလ၏ 50 ရာခိုင်နှုန်းထက်ပို၍ ပျက်ကွက်သော ကျောင်းသားတစ်ဦးအား ထိုကာလတစ်ခုလုံးတွင် ပျက်ကွက်သူအဖြစ် သတ်မှတ်ရမည်။

**DPS မူလတန်း –**
**သင့်ကလေးကို အချိန်မီ ကျောင်းသို့ ပို့ဆောင်ပေးခြင်း အရေးကြီးပါသည်!**
သင်သိပါသလား...

| အကယ်၍ သင့်ကလေးသည် ပညာသင်နှစ်တစ်နှစ်တွင် နေ့တိုင်း ဤမျှနောက်ကျ နေပါက... | သင့်ကလေး ဤမျှနီးပါး ကျောင်းပျက်မည်... | ဤမျှနီးပါး သင်ခန်းစာလွတ်သွားသည်... |
|---|---|---|
| 5 မိနစ် | ကျောင်းတက်ရက် 2.5 ရက် | သင်ခန်းစာ 15 ခု |
| 10 မိနစ် | ကျောင်းတက်ရက် 5 ရက် | သင်ခန်းစာ 29 ခု |
| 15 မိနစ် | ကျောင်းတက်ရက် 7.7 ရက် | သင်ခန်းစာ 44 ခု |
| 20 မိနစ် | ကျောင်းတက်ရက် 10.3 ရက် | သင်ခန်းစာ 58 ခု |
| 30 မိနစ် | ကျောင်းတက်ရက် 15.5 ရက် | သင်ခန်းစာ 88 ခု |

ကျေးဇူးပြု၍ သင့်ကလေးအား ကျောင်းခေါ်ကြိမ်ပြည့်ဝစေရန်နှင့် ပညာရပ်ဆိုင်ရာ လမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေစေရန် အချိန်မီရောက်ရှိအောင် သေချာဆောင်ရွက်ပါ။
**မှတ်ထားပါ – ပျက်ကွက်ခြင်း = ဆုံးရှုံးသွားသော အခွင့်အလမ်းများ**

**DPS အလယ်တန်း (6–12):**
**သင့်ကလေးကို အချိန်မီ ကျောင်းသို့ ပို့ဆောင်ပေးခြင်း အရေးကြီးပါသည်!**
သင်သိပါသလား...

| အကယ်၍ သင့်ကလေးသည် ပညာသင်နှစ်တစ်နှစ်တွင် နေ့တိုင်း ဤမျှနောက်ကျ နေပါက... | သင့်ကလေး ဤမျှနီးပါး ကျောင်းပျက်မည်... | ဤမျှနီးပါး သင်ခန်းစာလွတ်သွားသည်... |
|---|---|---|
| 5 မိနစ် | ကျောင်းတက်ရက် 2.3 ရက် | အတန်းချိန် 15 ချိန် |
| 10 မိနစ် | ကျောင်းတက်ရက် 4.7 ရက် | အတန်းချိန် 29 ချိန် |
| 15 မိနစ် | ကျောင်းတက်ရက် 7 ရက် | အတန်းချိန် 44 ချိန် |
| 20 မိနစ် | ကျောင်းတက်ရက် 9.5 ရက် | အတန်းချိန် 58 ချိန် |
| 30 မိနစ် | ကျောင်းတက်ရက် 14 ရက် | အတန်းချိန် 88 ချိန် |

ကျေးဇူးပြု၍ သင့်ကလေးအား ကျောင်းခေါ်ကြိမ်ပြည့်ဝစေရန်နှင့် ပညာရပ်ဆိုင်ရာ လမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေစေရန် အချိန်မီရောက်ရှိအောင် သေချာဆောင်ရွက်ပါ။
**မှတ်ထားပါ – ပျက်ကွက်ခြင်း = ဆုံးရှုံးသွားသော အခွင့်အလမ်းများ**

**ထပ်တိုးပျက်ကွက်မှုများ**

ထပ်တိုးပျက်ကွက်မှုအား အောက်ပါအတိုင်း အဓိပ္ပါယ်သတ်မှတ်သည် –

- ပျက်ကွက်ရက် 10 ရက်နှင့်အထက်၊
- ကျောင်းပြန်တက်မည့်နေ့ကို သိရှိလျှင်၊
- ကျောင်းသားမည်သည့်နေရာတွင် ရှိနေသည်ကို ကျောင်းမှသိရှိလျှင်။
- ကျောင်းသားသည် ကျောင်းပျက်နေစဉ် ပညာရေးဝန်ဆောင်မှုများ ရရှိမည်မဟုတ်ပါ။

ယင်းတို့တွင် ဥပမာအားဖြင့် တိုင်းပြည်ပြင်ပ ခရီးရှည်သွားခြင်း သို့မဟုတ် ကျောင်းသို့ ပြန်လာမည့် မျှော်လင့်ထားသည့် ရက်စွဲနှင့် ခွဲစိတ်ပြီးနောက် ဆေးရုံတွင် နေခြင်းတို့ ပါဝင်နိုင်သည်။ ထပ်တိုးပျက်ကွက်မှုများအတွင်း Montclair သည် DPS လုပ်ထုံးလုပ်နည်းများနှင့်အညီ လူကိုယ်တိုင်တက်ရောက်သည့် ညွှန်ကြားချက်များကို အစားထိုးရန် အွန်လိုင်း သို့မဟုတ် အစားထိုးလုပ်ဆောင်ချက်ကို ပံ့ပိုးပေးမည်မဟုတ်ပါ။

ဤအချိန်အတွင်း ကျောင်းသားကို Montclair မှ ထုတ်ထားမည်ဖြစ်ပြီး ပြန်တက်သည်နှင့် ချက်ချင်းပြန်လည်စာရင်းသွင်းမည်ဖြစ်သည်။

**အစားထိုးလုပ်ဆောင်ချက်**

အကယ်၍ မိဘများ/အုပ်ထိန်းသူများက ၎င်းတို့၏ ကျောင်းသား ပျက်ကွက်မည်ကို သိရှိပါက Montclair အား အမြန်ဆုံးအကြောင်းကြားပေးပါ။ ဖြစ်နိုင်လျှင် အတန်းပိုင်ဆရာများသည် ကျောင်းသားအတွက် အစားထိုးလုပ်ဆောင်ချက်ကို ငါး (5) ရက်အထိ အဆင်သင့်ပြင်ဆင်ထားရမည်။ ကျောင်းတက်ရက် ဆယ် (10) ရက်နှင့်အထက် မတက်ရောက်နိုင်သော ကျောင်းသားများအတွက် အစားထိုးလုပ်ဆောင်ချက်ကို ထောက်ပံ့ပေးမည်မဟုတ်ပါ။ ကျောင်းသားများသည် ခရက်ဒစ်အပြည့်အဝရရှိရန်အတွက် အစားထိုးလုပ်ဆောင်ချက်နှင့် ပျက်ကွက်ချိန်အတွင်း ရက်ချိန်းစေ့သည့် လုပ်ဆောင်ချက်ကို ကျောင်းပြန်တက်ပြီး ငါး(5)ရက်အတွင်း ပြီးစီးအောင်လုပ်ပြီး တင်ပြရမည်။

ကျောင်းသားတစ်ဦးချင်းစီအား ၎င်းတို့ပျက်ကွက်သည့်အချိန်အတွင်း သင်ကြားခဲ့သော သင်ခန်းစာများကို ပြန်လည်ရယူနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဖြစ်သော်လည်း ကျောင်းခေါ်ကြိမ်သည် ကျောင်းသားသင်ယူမှုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါသည်။ အစားထိုးလုပ်ဆောင်ချက်သည် လူကိုယ်တိုင်သင်ယူမှုအတွေ့အကြုံများကို အပြည့်အဝအစားထိုး၍ မရနိုင်ပါ။

**<u>Montclair ၏ ကျောင်းခေါ်ကြိမ်ကို ပံ့ပိုးပေးမည့် ချဉ်းကပ်နည်း</u>**

Montclair တွင် ကျွန်ုပ်တို့သည် ခိုင်မာသော ကျောင်းခေါ်ကြိမ်ကို ပံ့ပိုးရန် ပြည့်စုံသော ချဉ်းကပ်မှုကို အကောင်အထည်ဖော်ရန် လုပ်ဆောင်ပါသည်။ အောက်တွင် ကျွန်ုပ်တို့ ကျောင်းခေါ်ကြိမ်စနစ်၏ အစိတ်အပိုင်းခြောက် (6) ခုကို ဖော်ပြထားပါသည်။

1. နေ့စဉ် ကျောင်းခေါ်ကြိမ် အလေ့အကျင့်များ
    a. ဆရာများအားလုံးသည် အတန်းတစ်ခုစီ ၏ ပထမ 10 မိနစ်အတွင်း ကျောင်းခေါ်ကြိမ်ယူပါမည်။
    b. ကျွန်ုပ်တို့သည် နံနက် 9: 00 နာရီနောက်ဆုံးထား၍ ကျောင်းသား ကျောင်းပျက်ကွက်ပြီး ပျက်ကွက်မှု တောင်းဆိုချက်ကို မရရှိကြောင်း အုပ်ထိန်းသူထံကို အကြောင်းကြားပါသည်
    c. ကျွန်ုပ်တို့သည် ကျောင်းသားပျက်ကွက်ခြင်းနှင့် ပတ်သက် ၍ အုပ်ထိန်းသူများအားလုံးနှင့် ဆက်သွယ်ပြောဆိုပါသည်။
2. ကျောင်းခေါ်ကြိမ်အဖွဲ့
    a. ကျောင်း၏ကျောင်းခေါ်ကြိမ် ဦးဆောင်အဖွဲ့သည် ကျောင်းဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော အုပ်စုတစ်ခုဖြစ်ပြီး အောက်ပါတို့အတွက် ပုံမှန်နှင့် မကြာခဏ တွေ့ဆုံလေ့ရှိပါသည်
        i. ကျောင်းခေါ်ကြိမ် စနစ်များ ဖန်တီးရန်၊
        ii. ထိုစနစ်များကို ခိုင်မာသော အကောင်အထည်ဖော်မှုနှင့် ကျိုးကြောင်းဆီလျော်မှုရှိစေရန်၊
        iii. ကျောင်းခေါ်ကြိမ် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန်၊ နှင့်
        iv. ကျောင်းဝန်ထမ်းများအားလုံးအား ဒေတာများကို အံဝင်ခွင်ကျနည်းလမ်းဖြင့် တုံ့ပြန်ဖြေရှင်းနိုင်အောင် ပံ့ပိုးရန်
    b. 2025–26 ပညာသင်နှစ်အတွင်း Montclair တွင် ကျောင်းခေါ်ကြိမ် အဖွဲ့ခေါင်းဆောင်မှာ Clint Duvo၊ ကျောင်းအုပ်ကြီး၊ clint_duvo@dpsk12.net ဖြစ်သည်။
3. ဘေးကင်းလုံခြုံပြီး ကြိုဆိုမှုရှိသောကျောင်းပတ်ဝန်းကျင်
    a. Montclair တွင် ကျောင်းသားများအားလုံး ဘေးကင်းလုံခြုံပြီး ကြိုဆိုကြောင်း ခံစားရမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သင်ယူမှုအတွက် အပြုသဘောဆောင်သော အခြေခံအုတ်မြစ်တစ်ခုကို ပံ့ပိုးရန်၊ ကျွန်ုပ်တို့သည် အောက်ပါတို့ကို ဦးစားပေးပါသည် –
        i. ပြောင်းလဲနေသောရှုထောင့်များကို အသုံးပြု၍ လူမှု–စိတ်ခံစားမှုဆိုင်ရာသင်ယူမှုအခွင့်အလမ်းများ
        ii. အတန်းတစ်ခုစီ၏ အစတွင် နွတ်ဆက်ခြင်းလုပ်ရိုးလုပ်စဉ်များ
        iii. ကျွန်ုပ်တို့၏ ကျောင်းအကြံပေးများ၊ လူမှုဝန်ထမ်းများ၊ စိတ်ပညာရှင်များနှင့် ကျောင်းအုပ်ကြီးများမှတစ်ဆင့် လိုအပ်သလို ကျောင်းသားများအတွက် တစ်ဦးချင်းအထောက်အပံ့။
4. ယူနီဗာဆယ် (အဆင့် 1) လှုပ်ရှားမှုများ
    a. ယူနီဗာဆယ် သို့မဟုတ် အဆင့် 1 လှုပ်ရှားမှုများတွင် Montclair ရှိ ကျောင်းသားများအားလုံးအတွက် လှုပ်ရှားမှုများ ပါဝင်သည်။ 2025–26 ပညာသင်နှစ်အတွင်း ကျွန်ုပ်တို့သည်
        i. ကျောင်းသားတစ်ဦးချင်းစီသည် ကျောင်းမည်မျှလွတ်သွားသည်နှင့် ကျောင်းသားတစ်ဦး ချင်းစီကို ကာလကြာမြင့်စွာမရှိခြင်းဟု သတ်မှတ်ခြင်းရှိမရှိနှင့် ပတ်သက်ပြီး လစဉ်အုပ်ထိန်းသူအားလုံးနှင့် ဆက်သွယ်ပါသည်
        ii. ကျောင်းခေါ်ကြိမ်၏ အရေးပါပုံနှင့် ပတ်သက်၍ မိသားစုများအားလုံးနှင့် ပုံမှန်ဆက်သွယ်ပါသည်

iii. ကျောင်းခေါ်ကြိမ်ပြည့်ဝသည့် ကျောင်းသားများနှင့် သုံးလတစ်ကြိမ် ကျောင်းခေါ်ကြိမ်တိုးလာသော ကျောင်းသားများကို ဂုဏ်ပြုပါ။

iv. အတန်းများ၊ အတန်းအဆင့်များနှင့် ကျောင်းသားတစ်ဦးချင်းစီအတွက် ကျောင်းခေါ်ကြိမ်အတွက် မက်လုံးပေးခြင်းနှင့် အသိအမှတ်ပြုခြင်းများ

5. ရည်မှန်းထားသော (အဆင့် 2) ကြားဝင်ပံ့ပိုးမှုများ
   a. ကျောင်းသားတစ်ဦးသည် ခွင့်ဖြင့်ပျက်ကွက်ခြင်း၊ ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ဆိုင်းငံ့ခြင်းများအပါအဝင် အကြောင်းတစ်ခုခုကြောင့် Montclair တွင် ၎င်းတို့စာရင်းသွင်းထားချိန်၏ 8–9% ပျက်ကွက်ပါက ရည်မှန်းထားသော၊ သို့မဟုတ် အဆင့် 2 ကြားဝင်ပံ့ပိုးမှုများ ဖြစ်ပေါ်ပါမည်။
   b. ရည်မှန်းထားသော ကြားဝင်ပံ့ပိုးမှုများသည် Montclair နှင့် ကျောင်းသားနှင့် ၎င်း၏ မိသားစုအကြား အပြုသဘောဆောင်သော ဆက်သွယ်မှုကို တိုးမြှင့်ရန် အာရုံစိုက်ပါသည်။ ၎င်းတွင် ကျောင်းသားအား ကျောင်းလှုပ်ရှားမှုတစ်ခုတွင် ပါဝင်ရန် ကူညီခြင်း၊ ကျောင်းသားအတွက် သက်တူရွယ်တူ သို့မဟုတ် အရွယ်ရောက်သူလမ်းညွှန်ပေးခြင်း သို့မဟုတ် ကျောင်းသားအား ရည်မှန်းချက်များအတွက် ခိုင်မာသောအဖွဲ့ဝင်တစ်ဦးနှင့်ချိတ်ဆက်ပေးခြင်းတို့ ပါဝင်နိုင်သည်။
6. ကြပ်မတ်(အဆင့် 3) ကြားဝင်ပံ့ပိုးမှုများ
   a. ကျောင်းသားတစ်ဦးသည် ခွင့်ဖြင့်ပျက်ကွက်ခြင်း၊ ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ဆိုင်းငံ့ခြင်းများအပါအဝင် အကြောင်းတစ်ခုခုကြောင့် Montclair တွင် ၎င်းတို့စာရင်းသွင်းထားချိန်၏ 10% နှင့်အထက် ပျက်ကွက်ပါက ကြပ်မတ် သို့မဟုတ် အဆင့် 3 ကြားဝင်ပံ့ပိုးမှုများ ဖြစ်ပေါ်ပါမည်။
   b. ကြပ်မတ်ကြားဝင်ပံ့ပိုးမှုများသည် ကျောင်းသား၏ ပျက်ကွက်ရခြင်း၏ နောက်ကွယ်မှ အကြောင်းရင်းများကို နားလည်ရန် ကျောင်းသား၊ သူ/သူမ၏ မိသားစုနှင့် ကျောင်းဝန်ထမ်းတို့ တွေ့ဆုံခြင်းဖြင့် စတင်ပါမည်။ တွေ့ဆုံခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းတက်ရောက်ရန်အတွက် အတားအဆီးများကို ကူညီဖြေရှင်းပေးရန်နှင့် ကျောင်းသား၏ ကျောင်းခေါ်ကြိမ် ပိုမိုကောင်းမွန်လာစေရန် ပူးပေါင်းဆောင်ရွက်မှုဖြင့် အစီအစဉ်တစ်ခု ရေးဆွဲရန်ဖြစ်ပါသည်။

သင်၏ကျောင်းသားသည် ကျောင်းခေါ်ကြိမ်ပြည့်ဝပြီး လူမှုရေး၊ စိတ်ခံစားမှုဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျွန်ုပ်တို့ သင်နှင့် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်နေပါသည်။

Montclair ၏ ကျောင်းခေါ်ကြိမ်မူဝါဒနှင့်ပတ်သက်၍ သင့်တွင် မေးမြန်းစရာများရှိပါက ကျေးဇူးပြု၍ ကျောင်းသို့ ဆက်သွယ်ပါ။

Attendance
Every Day Matters